# မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်ချမှတ်ခြင်း - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏သဘောထားအမြင်များ

နင်းအေးလှိုင် နှင့် လဂျီဇော်လောန်
ရန်ကာအန်တလီကိုဗာ (Ph.D) မှ တည်းဖြတ်သည်။



FRIEDRICH EBERT STIFTUNG

PLRI
Peace Leadership & Research Institute

# အကျဉ်းချုပ်

မြန်မာနိုင်ငံသည် နှစ်ပေါင်းရှည်ကြာစွာ လက်နက်ကိုင်ပဋိပက္ခဒဏ် ခံစားရလျက်ရှိသည်။ မြန်မာနိုင်ငံ၏ရှုပ်ထွေးလှသော နောက်ခံသမိုင်းကြောင်းနှင့်တကွ နိုင်ငံရေးတောင်းဆိုချက်အနေဖြင့် အမျိုးမျိုးသောနိုင်ငံရေးအဖွဲ့များ ပါဝင်ရေးကို အာမခံချက်ပေးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်မရှိခြင်းသည် နိုင်ငံအတွင်းငြိမ်းချမ်းရေးရရှိရေးကို အဟန့်အတားပြုနေသည့်အချက်များထဲမှတစ်ခု ဖြစ်ပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဧကန်မုချလိုအပ်ပါသည်။ ထို့ကြောင့် ယခုသုတေသနရည်ရွယ်ချက်သည် ပဋိပက္ခဖြေရှင်းနည်းတစ်ခုအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းကို မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အသုံးပြုနိုင်မည့်နည်းလမ်းများကို ဆန်းစစ်လေ့လာရန်ဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ သက်ဆိုင်ရာ stakeholder သုံးဦး၊ ကျွမ်းကျင်ပညာရှင် လေးဦး နှင့် လက်ရှိအရပ်သားအစိုးရ၏ တိုင်းဒေသကြီးလွှတ်တော်အဖွဲ့ဝင် တစ်ဦး တို့နှင့် အသေးစိတ်တွေ့ဆုံမေးမြန်းမှုများမှတစ်ဆင့် အရည်အသွေးစံထားသည့် အချက်အလက်များကို ကောက်ယူခဲ့ခြင်းဖြစ်သည်။ ဤလေ့လာမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးသည် နိုင်ငံတွင်းပဋိပက္ခများကိုလျော့ပါးစေရန်အတွက် အဓိကအရေးပါသော ကိရိယာတစ်ခုဖြစ်ကြောင်းတွေ့ရှိခဲ့သည်။ ယခုသုတေသနတွင် မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ ချဉ်းကပ်နည်းလမ်းများကို ပြောင်းလဲရန်လိုအပ်နေကြောင်း အကြံပြုထားပါသည်။ ဤသုတေသနတွေ့ရှိချက်များအပေါ်အခြေခံပြီး ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အတားအဆီးဖြစ်နေသည့်အရေးပါသောအချက်နှစ်ချက်မှာ ၁) ငြိမ်းချမ်းရေးသဘောတူညီမှုစာချုပ်မှတစ်ဆင့် နိုင်ငံရေးအရဖြေရှင်းမှုမရှိခြင်းနှင့် ၂) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များဖြစ်ပါသည်။ ထို့ကြောင့် ဤသုတေသနတွင် ငြိမ်းချမ်းရေးသဘောတူညီစာချုပ်ပုံစံဖြင့် နိုင်ငံရေးအရဖြေရှင်းခြင်းများပြုလုပ်ရန်အတွက် အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ရန် ထောက်ခံအကြံပြုထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း ထိုကဲ့သို့ သဘောတူညီမှုတစ်ခုပေါ်အခြေခံကာ အစပြုဆောင်ရွက်နိုင်ပြီး စစ်မှန်သောဖယ်ဒရယ်မူဝါဒကို အာမခံပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ဖြစ်ပေါ်လာနိုင်ပါသည်။ ဤလေ့လာမှုသည် အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသောနိုင်ငံတွင် ငြိမ်းချမ်းရေးတည်ဆောက်ရာ၌ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပါဝင်သူများ၏အမြင်များကို နားလည်သိမြင်နိုင်စေရန် အထောက်အကူပြုပါသည်။

# ကျေးဇူးတင်လွှာ

စာရေးသူများအနေဖြင့် ဤသုတေသနလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် လမ်းညွှန်ပြသမှုနှင့် တန်ဖိုးရှိလှသည့်အကူအညီများ ပေးခဲ့သည့် ငြိမ်းချမ်းရေးဆိုင်ရာ ခေါင်းဆောင်မှုနှင့် သုတေသနအင်စတီကျု့ (PLRI) ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ သုတေသနစီမံကိန်း အစပြုသည့်အဆင့်မှ အဆုံးထိ စာရေးသူများကို ၎င်းတို့၏ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အားပေးကူညီပေးခဲ့သော သုတေသနနည်းပြများဖြစ်သည့် Radka Antalíková နှင့် James MacMillan တို့ကို ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် ဤသုတေသနနှင့်စပ်လျဉ်း၍ အကြံပြုချက်ကောင်းများစွာပေးခဲ့ပြီး စာရေးသူများကို အားပေးကူညီပေးခဲ့သည့် သပြေပညာရေးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာဖြစ်သူ စောမျိုးမင်းသူကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ စာတည်းဖြတ်ခြင်းနှင့်အကောင်းဆုံးကူညီထောက်ပံ့ပေးခဲ့သည့် Anna Delany ကိုလည်း စာရေးသူများအနေဖြင့် ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေနှင့် စာရေးသူများသည် ဤသုတေသနအတွက် အထောက်အကူပြုသောအကြောင်းအချက်များနှင့် ကူညီ၍ပါဝင်ဖြေဆိုပေးခဲ့သောသူများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါသည်။

JOINT PEACE FUND

FRIEDRICH EBERT STIFTUNG

Forum of Federations
The Global Network on Federalism and Devolved Governance

Thabyay Education Foundation
inspire . empower . enable

# နိဒါန်း

အမြင့်ဆုံးဥပဒေအဖြစ်သတ်မှတ်ခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအင်္ဂါရပ်တစ်ရပ်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ ဥပဒေကြောင်း၊ နိုင်ငံရေးနှင့် လူမှုရေးစနစ်တို့အတွက် အခြေခံကျသောမူဘောင်တစ်ရပ်အဖြစ် သတ်မှတ်ပေးသည်။ ဥပဒေကြောင်းအရသဘောတူညီချက် (legal instrument) တစ်ခုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင်လျှင် နိုင်ငံ၏လုပ်ပိုင်ခွင့်အာဏာအတွက် လည်ပတ်ပုံစနစ်ကို ချမှတ်ပြင်ဆင်ပေးပြီး တရားဥပဒေစိုးမိုးရေးကို သတ်မှတ်ပြဋ္ဌာန်းပေးကာ လုပ်ပိုင်ခွင့်အာဏာကိုကန့်သတ်ပေးသည်။ သဘောတူညီတန်ဖိုး (shared values)၊ ကိုယ်ပိုင်ရပ်တည်ခံယူချက် (identity) နှင့် ပြည်သူ၊ ပြည်သားများ၏ ပြင်းပြသောဆန္ဒများကို ထုတ်ဖော်ပြောဆိုခြင်းဖြင့် လူမှုအဖွဲ့အစည်းကို ပုံဖော်ပြီး ထင်ဟပ်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာခြင်းဖြစ်သည် (Bulmer ၊ ၂၀၁၇)။ နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အစိုးရအဖွဲ့အစည်းများ၏အာဏာခွဲဝေမှုများကို စီမံခန့်ခွဲပေးပြီး သဘောတူလက်ခံရမည့် ပြည်သူ့ရေးရာမူဝါဒမှတစ်ဆင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ဖော်ပေးသည့် နိုင်ငံရေးအရ သဘောတူညီချက်များ ဖြစ်ပါသည် (Hedling ၊ ၂၀၁၇)။ အထက်ပါဖော်ပြချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတည်ဆောက်ရေးတွင် မရှိမဖြစ်အရေးကြီးသောအရာဖြစ်သည့်နည်းတူ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် အလွှာအသီးသီးမှ လူမှုအဖွဲ့အစည်းအမျိုးမျိုး၏ အားလုံးပါဝင်မှုမှတစ်ဆင့် ဘုံရပ်တည်ခံယူချက်ကို မြှင့်တင်ရမည်ဖြစ်သည် (Fleiner ၊ ၂၀၁၂)။

ထို့အပြင် နိုင်ငံအတော်များများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများကို အစိုးရတစ်ရပ်ဖွဲ့စည်းရန်နှင့် အစိုးရနှင့် ပြည်သူလူထုအကြား ဆက်ဆံရေး အဆင်ပြေချောမွေ့စေရန် စည်းကမ်းများချမှတ်ခြင်းဖြင့် ထိန်းညှိပေးခြင်းအတွက် သာမက ပဋိပက္ခကာလအတွင်း ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာနည်းလမ်းအဖြစ်လည်းကောင်း ထောက်ပံ့ပေးနိုင်ရန် အတွက် စတင်ခဲ့ကြသည်။ အမှန်အားဖြင့် ပဋိပက္ခပြီးနောက်နိုင်ငံတော်၏ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဟန်ချက်ညီမှုများကို အခြေကျစေရန် ဖော်ဆောင်ရေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း အစဉ်အလာသည် နိုင်ငံအုပ်ချုပ်ရေးတွင် အခရာကျသောအစိတ်အပိုင်းတစ်ခုအဖြစ် ကျယ်ပြန့်စွာ အသိအမှတ်ပြုထားသည် (Hart ၊ ၂၀၁၁)။ အထူးသဖြင့် ပြင်းထန်စွာခွဲခြားခံလူ့အဖွဲ့အစည်းများတွင်ရှိသော အုပ်စုအသီးသီး၏ တောင်းဆိုလိုလားချက်များနှင့် လုပ်ပိုင်ခွင့်များကို ထည့်သွင်းစဉ်းစားပေးနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် အာဏာခွဲဝေခြင်းကို အခြေခံအကြောင်းတစ်ရပ်အဖြစ် အလေးအနက် ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါသည် (Lijphart ၊ ၂၀၀၄)။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးသည် အာဏာခွဲဝေခြင်း နှင့် အာဏာကန့်သတ်ထားခြင်း မူဘောင်တစ်ရပ်အဖြစ်ပံ့ပိုးပေးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သောကြောင့် ၎င်းသည် နယ်မြေအသီးသီးမှ နိုင်ငံရေးတွင် ဦးဆောင်လုပ်ပိုင်ခွင့်ရှိသူများ (political elites) မှ အာဏာခွဲဝေခြင်း၊ အုပ်ချုပ်ခွင့်နှင့် လုပ်ပိုင်ခွင့် တောင်းဆိုခြင်းတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းများကို ရှေ့ဆက် လုပ်ဆောင်ခြင်းနှင့် ဆက်စပ်စဉ်းစားရမည့်အကြောင်း အရာဖြစ်ပါသည်။ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခများကို အကြမ်းဖက်ခြင်းအသွင်မပြောင်းစေဘဲ ငြိမ်းချမ်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အကောင်းဆုံးသောလုပ်နည်းယန္တရားတစ်ခုဖြစ်သင့်ပါသည်။

တစ်ချိန်တည်းမှာပင် နိုင်ငံရေးအသိုက်အဝန်းအသွင်ပြောင်းလဲခြင်း မရှိဘဲ ပဋိပက္ခများကိုရပ်နားခြင်း တစ်ခုတည်းဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းသည် အောင်မြင်နိုင်ရန်အလားအလာမရှိပေ။ နိုင်ငံရေးနှင့်အုပ်ချုပ်ရေးအသွင်ကူးပြောင်းခြင်း နှင့် နိုင်ငံအတွင်းရှိ အုပ်စုအဖွဲ့အမျိုးမျိုးကြားတွင် သင့်တော်သော အာဏာခွဲဝေခြင်း ပေးအပ်နိုင်သည့် အားလုံးပါဝင်ပြီး စဉ်ဆက်မပြတ် တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရန် ရည်ရွယ်ထားခြင်းမရှိဘဲအကြမ်းဖက် ပဋိပက္ခများကို အဆုံးသတ်ရန်သာ အလေးထားသော အပစ်အခတ်ရပ်စဲရေးသဘောတူညီစာချုပ် ချုပ်ဆိုခြင်းသည် မျှတသဘောတူညီမှုမရှိသော အနုတ်လက္ခဏာ အသွင်ဆောင်သည့် ငြိမ်းချမ်းရေး (negative peace) ကို ရရှိစေသည်။ ထို့ကြောင့် အားလုံးသဘောတူညီမှုရှိသော အပေါင်းလက္ခဏာ အသွင်ဆောင်သည့် ငြိမ်းချမ်းရေး(positive peace) အတွက်လိုအပ်သော လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးပြီး ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပဋိပက္ခဖြေရှင်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံအခင်းအကျင်း နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေသည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံ နှင့်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းစဉ်များသည် ပဋိပက္ခဖြစ်ပြီးနောင်းပိုင်း အကူးအပြောင်းကာလတွင် မရှိမဖြစ်အရေးပါသောနည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည် (Samuels ၊ ၂၀၀၆) ။ ဤနေရာတွင် ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သည့် အဖွဲ့များ၏ပါဝင်မှု မြင့်တက်လာသည်နှင့် အမျှ စဉ်ဆက်မပြတ်တည်တံ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရလဒ်များ ပိုမိုရရှိမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုပါဝင်မှု အားကောင်းမှုနှင့်စပ်လျဉ်း၍ ဘေးဖယ်ထားခံရသည့်ပြည်သူများ၏ သဘောထားအမြင်များကိုလည်း အာဏာခွဲဝေခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ထည့်သွင်းရမည်ဖြစ်သည် (Hart ၊ ၂၀၁၁)။

မြန်မာနိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ရခြင်း၏အကြောင်းရင်းများထဲမှတစ်ခုသည် ပဋိပက္ခဖြစ်နေသည့် အဖွဲ့များကြားတွင် နိုင်ငံရေးအရဖြေရှင်းခြင်းများမရှိသောကြောင့် ဖြစ်သည်။ ဤကဲ့သို့အခက်အခဲ ပြဿနာမျိုးကို ဖြေရှင်းရန်အတွက် ငြိမ်းချမ်းရေးသဘောတူညီမှုများကို ညှိနှိုင်းဆွေးနွေးခြင်းနှင့်ပြိုင်တူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း (constitutional crisis) ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ အမှန်အားဖြင့် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အဓိကအတားအဆီးဖြစ်နေသောအရာတစ်ခု အဖြစ်ဖော်ပြခြင်းခံရပါသည် (ဥပမာ၊ ကရင်သတင်းဌာန၊ ၂၀၁၉)။ Hartey (၂၀၁၉) ၏ဖော်ပြချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပုဒ်မ ၇၄၊ ၁၄၁၊ နှင့် ၁၆၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လွှတ်တော်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းရှိခြင်းသည်လည်း အခက်ခဲဆုံးအကြောင်းရင်းပင်ဖြစ်ပါသည်။ ထို့အပြင် တပ်မတော်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်ခြားစောင့်တပ်ဖွဲ့တို့အပေါ် အာဏာသက်ရောက်ပြီး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီတွင်လည်း အများစုဖြစ်သောကြောင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် တပ်မတော်၏လက်ဝါးကြီးအုပ်ထားခြင်းခံရသည်ဟု အခိုင်အမာပြောဆိုနိုင်သည်။ အထက်ပါအကြောင်းအရာများကိုထည့်သွင်းစဉ်းစားရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပဋိပက္ခလျော့ပါးစေရန်အတွက် အရေးပါသောအခန်းကဏ္ဍတွင်ပါဝင်နေသည်ကို မငြင်းပယ်နိုင်ပေ။

# သုတေသနနည်းလမ်း

ဤသုတေသနတွင် အရည်အသွေးစံထားသည့်နည်းစနစ်၊အထူးသဖြင့် အဓိကရွေးချယ်ထားသည့်ပါဝင်ဖြေဆိုသူများနှင့် အသေးစိတ်တွေ့ဆုံမေးမြန်းမှုများ (in-depth interviews) ပြုလုပ်ခဲ့ပါသည်။ ယခင်စာတမ်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းတွင် သုတေသီများ၏ စိတ်ဝင်စားမှု နှင့် လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စသည်တို့အပေါ် အခြေခံပြီး တွေ့ဆုံမေးမြန်းမည့် မေးခွန်းများကိုထုတ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမည့်မေးခွန်းများသည် ဖြေဆိုသူစိတ်ကြိုက်တုံ့ပြန်နိုင်မည့် အဖွင့်မေးခွန်းများ (open-ended questions) ဖြစ်ပြီး ပါဝင်ဖြေဆိုမည့်သူ၏ နောက်ခံအကြောင်းအရာနှင့် သဘောထားအမြင်များလည်း ကွဲပြားသောကြောင့် ၎င်းတို့အတွက်မေးခွန်းများသည် အလုံးစုံထပ်တူညီခြင်းမရှိပေ။ ကွင်းဆင်းအချက်အလက်ကောက်ယူခြင်းမပြုမီ သုတေသနနည်းလမ်းနှင့် မေးခွန်းများသည် သင့်တော်မှုရှိ၊ မရှိသေချာစေရန် သုတေသီများသည် သပြေပညာရေးဖောင်ဒေးရှင်း၏ အမှုဆောင်ဒါရိုက်တာတစ်ဦးဖြစ်ခဲ့သူ စောမျိုးမင်းသူနှင့်တွေ့ဆုံကာ ရှေ့ပြေးမေးမြန်းမှုတစ်ခုပြုလုပ်ခဲ့ပါသည်။

ဤလေ့လာမှုတွင် ကျွမ်းကျင်ပညာရှင်များ နှင့် သက်ဆိုင်သူများကို ရည်ရွယ်ရွေးချယ်ထားသည့် နမူနာကောက်ယူနည်းများကိုအသုံးပြုထားသည်။ သုတေသနမေးခွန်းများသည် လက်ရှိဖြစ်ပျက်နေသည့် အကြောင်းအရာများနှင့် ဆက်စပ်နေသောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေကြောင်းကဏ္ဍများတွင်ရှိသော ကျွမ်းကျင်ပညာရှင်များနှင့် သက်ဆိုင်သူများသည် သုတေသနမေးခွန်းများကို ဖြေဆိုရန် နှင့် ထင်မြင်သုံးသပ်ချက်များပေးရန် အသင့်တော်ဆုံးသူများဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စည်းများ (EAOs)၊ အရပ်ဘက်အဖွဲ့အစည်း နှင့် လက်ရှိအစိုးရအဖွဲ့ရှိ ထိပ်သီးအဆင့်မှစုစုပေါင်းရှစ်ဦးကိုတွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဖြေကြားသူများမှာ -

- ဗိုလ်ချုပ်ဆွမ်လွတ်ဂွမ်မော်၊ ကချင်လွတ်လပ်ရေးကောင်စီ နှင့် ကချင်လွတ်လပ်ရေးအဖွဲ့၏ ဒု-ဥက္ကဋ္ဌ (KIO - သဘောတူလက်မှတ်မရေးထိုးထားသောအဖွဲ့)
- ခူးဦးရယ်၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ဒု-ဥက္ကဋ္ဌ (KNPP - သဘောတူလက်မှတ်မရေးထိုးထားသောအဖွဲ့)
- ပဒိုစောကွယ်ထူးဝင်း၊ ကရင်အမျိုးသားအစည်းအရုံး၏ ဒု-ဥက္ကဋ္ဌ (KNU - သဘောတူလက်မှတ်ရေးထိုးပြီးအဖွဲ့)
- ဒေါက်တာခင်ဇော်ဝင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ
- စိုင်းဝမ်ဆိုင်း၊ ရှမ်းလူမျိုးနိုင်ငံရေးတက်ကြွလှုပ်ရှားသူ နှင့် တိုင်းရင်းသားရေးရာလေ့လာသုံးသပ်သူ
- နော်မေဦး၊ မူဝါဒရေးရာအရာရှိ၊ သံလွင်ပြည်သူ့ရေးရာမူဝါဒလေ့လာရေးအဖွဲ့
- ဂွမ်ဂျာနော်၊ ကချင်ပြည်နယ်မှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်ပညာရှင် နှင့်
- ဦးကျော်မင်းစံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်အဖွဲ့ဝင်။

အချက်အလက်များကိုကောက်ယူပြီးသည်နှင့်တစ်ပြိုင်နက် တွေ့ဆုံမေးမြန်းမှုများကို မှတ်တမ်းရေးမှတ်ခဲ့ပါသည်။ ထို့နောက် မှတ်တမ်းရေးမှတ်ချက်များအားလုံးကိုပုံနှိပ်ထုတ်ပြီး လက်ရေးဖြင့်အချက်အလက်များကို အမှတ်အသားပြုလုပ်ကာ အရေးကြီးဆုံး အကြောင်းအရာများကို ကဏ္ဍအလိုက်အုပ်စုဖွဲ့စုစည်းခဲ့သည်။ ကျင့်ဝတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့်ပတ်သက်၍ ဤသုတေသနတွင်ပါဝင်ဖြေဆိုသူများသည် ကျွမ်းကျင်ပညာရှင်များနှင့် EAOအဖွဲ့များမှ ထိပ်သီးအဆင့် အဖွဲ့ဝင်များဖြစ်သောကြောင့်၎င်းတို့၏လုံခြုံရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်းသည် ပထမဦးစားပေးအချက်ဖြစ်သည်။ ကောက်ယူရရှိသောအချက်အလက်များကို လျှို့ဝှက်စွာသိမ်းဆည်းထားရန် ကတိပြုချက်မှာလည်းအရေးကြီးပါသည်။ နောက်ဆုံးတွင် ပါဝင်ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏နာမည်များကို ပုံနှိပ်ထုတ်ဝေမည့် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန် ကြည်ဖြူစွာ ခွင့်ပြုပေးကြောင်းကို သုတေသီများကအတည်ပြုရယူခဲ့ပါသည်။

# တွေ့ရှိချက်များနှင့် ဆွေးနွေးချက်များ

## ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ပါဝင်ဖြေဆိုသူများ၏ သဘောထားအမြင်

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသောအဖွဲ့ ဖြစ်စေ လက်မှတ် မရေးထိုး ထားသော အဖွဲ့ဖြစ်စေ၊ တွေ့ဆုံမေးမြန်းခဲ့သည့် EAO အဖွဲ့ အများစုသည် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို သဘောတူညီ လက်ခံခြင်းမရှိပေ။ ဤသို့ဖြစ်ရခြင်းမှာ ၎င်းဖွဲ့ စည်းပုံအခြေခံ ဥပဒေတွင်ပါဝင်သော အကြောင်းအရာများကြောင့်သာမက အားလုံးမပါဝင်သော မူကြမ်းရေးဆွဲခြင်းလုပ်ငန်းစဉ်၏ သဘော သဘာဝကြောင့်ဖြစ်သည်။ EAO အဖွဲ့များမှကိုယ်စားလှယ် အချို့ သည် မူကြမ်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင်ပါဝင်ခဲ့သော်လည်း ၎င်းတို့သည်အမှန်တကယ်လွှမ်းမိုးနိုင်မှုမရှိဘဲ ၎င်းတို့၏ပါဝင် ပတ်သက်မှုကို ဥပဒေဘောင်ဝင်ရုံမျှလောက်သာသတ်မှတ် ခဲ့ကြသည်။

> "အမျိုးသားညီလာခံမှာတော့ အဲ့ဒီကိစ္စပါမှာပေါ့နော်၊ ကျွန်တော်တို့တက်တဲ့အခါမှာတော့ ဒီအခြေခံမူတွေက ထုတ်ထားပြီးသားဖြစ်တယ်၊ ဟို ၉၀ ကျော်ကနေ သူတို့က ညီလာခံလုပ်နေပြီ၊ ကျွန်တော်တို့က ၂၀၁၃၊၂၀၁၄ မှာ တက်တယ်ဆိုတော့၊ အသေးစိတ်အခြေခံရမယ့်မူတွေဆွေးနွေး နေတဲ့အချိန်၊ ဒါပေမယ့် ကျွန်တော်တို့ KIO က အရင်တုန်းက မတက်ခဲ့လို့ဆိုပြီး အခြေခံမူကိုပြန်ပြီးဆွေးနွေးဖို့ကိုညီလာခံမှာ တင်ပြပြီးကျွန်တော်တို့ဆွေးနွေးခဲ့တာ ဖြစ်တယ်။ ဒါပေမယ့် ဆွေးနွေးတာပဲရှိပြီးမှ ခုနကပြောသလို ဆုံးဖြတ်ချက်တွေ မကျဘူး။" ဟု ဗိုလ်ချုပ်ဂွမ်မော် က ရှင်းပြပြောဆိုခဲ့သည်။

ထို့အပြင် KNU အဖွဲ့မှ ပဒိုစောကွယ်ထူးဝင်း၏ဆွေးနွေးချက်အရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီသတ်မှတ်ချက် များနှင့် အခြေခံသဘောတရားများစသည့် အင်္ဂါရပ်အချို့ပါဝင် သော်လည်း EAO အဖွဲ့များတောင်းဆိုနေသည့် တိုင်းရင်းသား အခွင့်အရေးများကို အာမခံချက်ပေးနိုင်မည့်အကြောင်းအရာများ ပါဝင်ခြင်းမရှိပေ။ ဗိုလ်ချုပ်ဂွမ်မော်ကလည်း "ပါဝင်သင့်တဲ့ အခြေခံ အကြောင်းတရားတွေမပါဘူးလို့မြင်တယ်။ ဥပမာ ဖယ်ဒရယ် ဒီမိုကရေစီ၊ ပြီးတော့ ဒီလူသားချင်းနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေ၊ ပြီးတော့ ကျွန်တော်တို့ ၁၉၄၇ မှာ ချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်ရဲ့အနှစ်သာရ တွေဘာမှမပါဘူး။" ဟု ဆွေးနွေးပြောဆိုခဲ့သည်။ ပဲခူးတိုင်း ဒေသကြီးလွှတ်တော် အမျိုးသားဒီမိုကရေစီအဖွဲ့ဝင် ဦးကျော်မင်းစံက "ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက တစ်ပိုင်းဖယ်ဒရယ်လည်းဖြစ်တယ်၊ တစ်ပိုင်းဒီမိုကရေစီလည်း ဖြစ်တယ်၊ အဲ့ဒီတော့ ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပိုမိုသင့်တော်တဲ့အခြေခံအကြောင်းအရာတွေနဲ့ပြင်ဆင်မယ်ဆိုရင် တိုင်းရင်းသားတွေလည်းကျေနပ်မယ်လို့ထင်တယ်" ဟု ၎င်း၏ ခံယူချက်ကို ဆွေးနွေးပြောဆိုခဲ့ပါသည်။ သို့သော်လည်း ကျွမ်းကျင် ပညာရှင် ဂွမ်ဂျာနော်က ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖယ်ဒရယ်လည်းမဟုတ် တစ်ပိုင်းဖယ်ဒရယ်(quasi-federal) လည်း မဟုတ်ကြောင်းနှင့် "တပ်မတော်၏အခန်းကဏ္ဍတစ်ခုတည်း ကိုသာ ထောက်ပံ့ကူညီနေကြောင်း" ထုတ်ဖော်ပြောဆိုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူမှုစာတမ်းတစ်ခုဖြစ်သောကြောင့် ခံယူချက်ချင်းတူညီမှု နှင့် ဘုံတန်ဖိုးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ သတ်မှတ်ပြဋ္ဌာန်းခြင်းမှတစ်ဆင့် ထိန်းသိမ်းထားရှိရမည်ဖြစ်သော ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် အခြေခံ အားဖြင့်အားလုံးပါဝင်ရန်လိုအပ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် EAO အဖွဲ့များ၏ နိုင်ငံရေးသဘောထားကို ကိုယ်စားပြုနိုင်ခြင်းမရှိဘဲ တပ်မတော်၏အခန်းကဏ္ဍကိုသာ ကာကွယ်ပေးသောကြောင့် ၎င်းတို့ကလက်မခံခြင်း ဖြစ်သည်။ ထို့အပြင် ယခုတွေ့ရှိချက်များအရ ၂၀၀၈ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ဖယ်ဒရယ်ဒီမိုကရေစီအခြေခံသဘောတရားများနှင့် ၁၉၄၇ ပင်လုံစာချုပ်ကို အခြေခံသော တိုင်းရင်းသားများ၏ အခွင့်အရေးများကိုမတွေ့ရှိရပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့များအားလုံးအတွက် နိုင်ငံရေးစာတမ်း တစ်ခုဖြစ်စေရန် EAO အဖွဲ့များ၏တောင်းဆိုချက်များကို ပါဝင် ထည့်သွင်းရမည်ဖြစ်သည်။

## ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခန်းကဏ္ဍနှင့် လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ပါဝင်ဖြေဆိုသူများ၏ သဘောထားအမြင်များ

ယခုတွေ့ရှိချက်များအရ NCA လက်မှတ်ရေးထိုးပြီးအဖွဲ့များသာမက မရေးထိုးရသေးသောအဖွဲ့များသည်လည်း အားလုံးပါဝင်သော ငြိမ်းချမ်းရေးသဘောတူစာချုပ် မချုပ်ဆိုခင် တစ်နိုင်ငံလုံးအပစ် အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို အကောင်အထည် ဖော်သင့်ကြောင်း သဘောတူညီကြပါသည်။ ထို့အပြင် ဤလေ့လာမှုတွင် တွေ့ဆုံမေးမြန်းခဲ့သော EAO အဖွဲ့များက ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များတွင် ထိရောက်စွာပါဝင် နိုင်ရန်အတွက် ဘုံနိုင်ငံရေးမျှော်မှန်းချက် (ဆိုလိုသည်မှာ ဖယ်ဒရယ် မူဖြစ်ပေါ်ရန်ဖြစ်သည်) တစ်ခု လိုအပ်လျက်ရှိနေကြောင်း ဖော်ပြခဲ့သည်။ KNPP အဖွဲ့မှ ခူးဦးရယ်က "ကျွန်တော်တို့ အားလုံး EAOs တွေကြားထဲမှာ အမြင်တစ်ခု တူညီတာက ဘာလဲဆိုတော့ နိုင်ငံရေးအခင်းကျင်းကို သွားတဲ့အခါမျိုးတွေမှာကျွန်တော်တို့ အတူတကွသွားမှပဲ အဖြေရှာမှပဲ အဆင်ပြေမယ်လို့မြင်တာပေါ့နော်" ဟု ရှင်းလင်းပြောကြားခဲ့ပါသည်။ အမှန်တကယ်ပင် EAO အဖွဲ့များ အနေဖြင့် နိုင်ငံရေးအရဖြေရှင်းခြင်းများမရှိခြင်းသည် ပဋိပက္ခများ ဖြစ်ပွားရခြင်း၏အဓိကအကြောင်းရင်းတစ်ခုဖြစ်ပြီး တပ်မတော်၏ ဖိအားပေးမှု နှင့် တစ်ခုတည်းသောတပ်မတော်တည်ထောင်ခြင်း တို့နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများသည် အတားအဆီးကြီးများဟု ထင်မြင်ယူဆပါသည်။ ထို့အပြင် ယခင် နှင့် လက်ရှိချုပ်ဆိုခဲ့သော စာချုပ်များတွင် သဘောတူညီခဲ့သော အချက်များကို လိုက်နာ ဆောင်ရွက်ပါမည်ဟုကတိပြုချက်များသည်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင်အရေးပါလှသော ယုံကြည်မှုတည်ဆောက်ခြင်း အတွက်မရှိမဖြစ်လိုအပ်ပါသည်။ KIO အဖွဲ့မှ ဗိုလ်ချုပ်ဂွမ်မော်က "ယုံကြည်မှုတည်ဆောက်ရေးပေါ့ (ခုနပြောသလို) ယုံကြည်မှု တည်ဆောက်ရေးဆိုတာက ပါးစပ်နဲ့ပြောနေလို့မရဘူး။

ပြီးရင် ပြောတဲ့ဟာကို ကတိမတည်လဲ နောက်ပိုင်း ယုံကြည်မှု ပြန်ပျက်တာပဲ။" ဟု ဆွေးနွေးပြောဆိုခဲ့သည်။

တွေ့ဆုံမေးမြန်းခဲ့သော EAO အဖွဲ့နှစ်ဖွဲ့မှပါဝင်ဖြေဆိုသူများ အနေဖြင့်လည်း လက်ရှိ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားများ၏ရပိုင်ခွင့်နှင့် ဒီမိုကရေစီအခြေခံသဘောတရား များကို ပြည့်ဝစွာပေးအပ်နိုင်ခြင်းမရှိသောကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်နေသည်ဟု အခိုင်အမာယုံကြည်လျက်ရှိသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စ ရပ်များကို ဖြေရှင်းရမည်ဖြစ်သည်။ KNPP အဖွဲ့မှ ခူးဦးရယ်က "၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းရင်းသားတန်းတူညီမျှရေး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ပတ်သက်ပြီး သတ်မှတ်ပြဋ္ဌာန်းချက်တွေ ခိုင်ခိုင်မာမာမရှိတဲ့အတွက် ပြင်ကိုပြင်ရမယ်"ဟု ထောက်ခံ ဆွေးနွေးခဲ့သည်။ NCA တွင် လက်မှတ်မရေးထိုးခြင်းနှင့်စပ်လျဉ်း၍ KIO အဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ဗိုလ်ချုပ်ဂွမ်မော်၏ပြောဆိုချက် အရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိကလွှမ်းမိုးချုပ်ကိုင် နေသောအချက်မဟုတ်ကြောင်း၊ နှင့် KIO အဖွဲ့အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအကြောင်းကို သီးသန့်ဆွေးနွေးသင့်သည်ဟု ယုံကြည်ကြောင်းတွေ့ရှိခဲ့သည်။ သို့သော်လည်း KIO အဖွဲ့နှင့် မတူဘဲ KNPP အဖွဲ့သည် NCA တွင် လက်မှတ်မရေးထိုးရန် ဆုံးဖြတ်ရသည့်အကြောင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆက်စပ်နေသည်။ တစ်ချိန်တည်းမှာပင် KIO နှင့် KNPP ကိုယ်စားလှယ်နှစ်ဦးစလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ တပ်မတော် သို့မဟုတ် အစိုးရအဖွဲ့နှင့် ဆွေးနွေးမှု အတိအကျမရှိကြောင်းပြောဆိုခဲ့သည်။ တိုင်းရင်းသားရေးရာ လေ့လာသုံးသပ်သူ စိုင်းဝမ်ဆိုင်း၏ ပြောဆိုချက်အရ EAOအဖွဲ့များ အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံရေးရည်မှန်း ချက်များနှင့် ရည်ရွယ်ချက်များကို မလွှမ်းခြုံနိုင်သောကြောင့် ၎င်းကို ပထမနေရာတွင် လက်ခံခြင်းမရှိခဲ့သလို NCA စာချုပ်တွင် လက်မှတ်ထိုးရန် သို့မဟုတ် မထိုးရန် EAO အဖွဲ့များ၏ ဆုံးဖြတ်ချက်များတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှုမရှိပေ။

မြန်မာနိုင်ငံသည် အမျိုးမျိုးကွဲပြားခြားနားသောနိုင်ငံဖြစ်သောကြောင့် ဒီမိုကရေစီဖယ်ဒရယ်အခြေခံမူများမှတစ်ဆင့် ကွဲပြားခြားနားမှု များကို အသိအမှတ်ပြုလေးစားရန်အလွန်အရေးကြီးပါသည်။ လက်နက်ကိုင်အဖွဲ့အများစုသည် မျိုးနွယ်စုပေါ်အခြေခံပြီး ဖွဲ့စည်း ကြပြီး လူနည်းစုအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်စသည့် နိုင်ငံရေးရပိုင်ခွင့်များကို တောင်းဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် လက်ရှိ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသား အခွင့်အရေးကိုသာမက ဒီမိုကရေစီစနစ်ကိုလည်း ပြည့်ဝစွာ သတ်မှတ်ပေးနိုင်ခြင်းမရှိသဖြင့် အချို့သော EAO အဖွဲ့များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စရပ် များသည် ဆက်စပ်နေသည်ဟု အခိုင်အမာ ယုံကြည်ထားပါသည်။ အကြမ်းဖက်ပဋိပက္ခများကိုလျှော့ချခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်တွင် ပထမဆုံးခြေလှမ်းဖြစ်နိုင်သော်လည်း အပစ်အခတ်ရပ်စဲရေး စာချုပ် တစ်ခုတည်းဖြင့် ငြိမ်းချမ်းရေးရရှိနိုင်မည်မဟုတ်ပေ။ ပဋိပက္ခဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ နိုင်ငံရေးနည်း ဖြင့် ဖြေရှင်းခြင်းမရှိသောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထိရောက်သောနိုင်ငံရေးဆွေးနွေးပွဲတစ်ခုကို အကောင်အထည် ဖော်နိုင်ရန် အဓိကလိုအပ်ပါသည်။

### လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်ခြင်းလုပ်ငန်းစဉ်ပေါ် ပါဝင်ဖြေဆိုသူများ၏သဘောထားအမြင်များ

NLD ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လမ်းကြောင်းပြမြေပုံအရ ၂၁ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံဟုလည်း လူသိများသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (UPC) မှ ထွက်ပေါ်လာသော ပြည်ထောင်စု ငြိမ်းချမ်းရေးစာချုပ်နှင့်အညီ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဖြစ်သည်။ NCA လက်မှတ်ရေးထိုးပြီးသော EAO အဖွဲ့များသည်ဤ ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို ယေဘုယျအားဖြင့် သဘောတူညီပါသည်။ KNU အဖွဲ့မှ ပဒိုကွယ်ထူးဝင်း က

> "နိုင်ငံရေးဆွေးနွေးပွဲတွေ ရလာတဲ့ပြည်ထောင်စုသဘောတူ စာချုပ်ဟာ နိုင်ငံရေးသဘောတူစာချုပ်ဖြစ်တဲ့အတွက် ဖွဲ့စည်းအုပ်ချုပ် အခြေခံဥပဒေ နိုင်ငံရေးအရထက် ပိုမိုတော့မြင့်မားတယ်၊ လွှတ်တော်မှာငြင်းလို့မရဘူး၊ တကယ်တမ်းဆို ဒါက နိုင်ငံရေး၊ ငြိမ်းချမ်းရေးနဲ့ ဆက်စပ်တဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒါကြောင့်မို့လို့ သူတို့က လွှတ်တော်ကိုပို့လိုက်လို့ရှိရင် လွှတ်တော်ကပယ်ဖျက်လိုက်လို့ ဖျက်တယ်လုပ်လိုက်လို့မရဘူး၊ မရဘူးဆိုတာက လွှတ်တော်ကိုယ်စားလှယ်တွေလည်း လွှတ်တော်ပြင်ပနိုင်ငံရေး ဆွေးနွေးပွဲတွေမှာပါတယ် အစိုးရလည်းပါတယ်၊ တပ်မတော် လည်းပါတယ်၊ ကိုယ်စားလှယ်တွေပါနေတော့ ..." ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

လက်ရှိ NLD အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ကိုင်တွယ်လုပ်ဆောင်ရာတွင် စာဖြင့်ရေးသားကာ ရှင်းလင်းစွာ တင်ပြထားသော်လည်း လက်တွေ့တွင် ဤလုပ်ငန်းစဉ်၌ အလေးအနက်ထားရမည့် စိန်ခေါ်မှုအခက်အခဲများရှိနေသည်။ ဥပမာအားဖြင့် EAO အဖွဲ့များနှင့် အရပ်ဘက် အဖွဲ့အစည်း များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အတွက် မူဘောင်တစ်ရပ် တည်ဆောက်ရန် မျှော်လင့်ချက်ဖြင့် UPC သို့ အဆိုပြုလွှာများ ပေးပို့လျှောက်ထားခဲ့ပြီး တပ်မတော်၊ နိုင်ငံရေးအဖွဲ့အချို့နှင့် လွှတ်တော်အဖွဲ့သည် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ကို အဓိကအခြေခံ၍သာ ပြင်ဆင်ရေးလုပ်ငန်းစဉ်ကိုအတည်ပြု ခဲ့သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ထိရောက်သောဆွေးနွေးမှုများကို ညီလာခံများတွင် ခွင့်မပြုခဲ့ပေ။ KNU အဖွဲ့မှ ပဒိုကွယ်ထူးဝင်းက "ကျွန်တော်တို့ ဆွေးနွေးရင်းနဲ့ ကျွန်တော်တို့ဖွဲ့စည်းပုံပြင်မယ်ဆိုလို့ရှိရင် တစ်အချက်က ဒီနိုင်ငံရေးဆွေးနွေးပွဲကနေရလာမယ့်ရလဒ်နဲ့ ဖွဲ့စည်းပုံပြင်မယ်ဆိုတာက သဘောတူထားပြီးသား သို့သော် လည်းဘဲ ခေါင်းစဉ်ကိုက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ

ဖြစ်တယ် အဲ့တော့ဖွဲ့စည်းပုံပြင်မယ်ဆိုတာကို တည့်တည့်သွားပြောရင်လည်း တစ်ဖက်ကလက်မခံဘူး တပ်မတော်မှာ သူကထိန်းရတဲ့တာဝန်ရှိနေတာကိုး” ဟု ညီလာခံများနှင့်စပ်လျဉ်း၍ ထုတ်ဖော်ပြောဆိုခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သော EAO ကိုယ်စားလှယ်များ၏ ပြောဆိုချက်အရ UPC သည် သုံးကြိမ်တိုင် စည်းဝေးပြီးနောက်တွင် ရလဒ်အနေဖြင့် ထွက်ရှိလာသော သဘောတူညီမှု ၅၁ချက်သည် ယေဘုယျဆန်လွန်းနေကြောင်း တွေ့ရှိခဲ့သည်။

NLD အစိုးရအဖွဲ့သည်လည်း တိုင်းရင်းသားနိုင်ငံရေးအဖွဲ့များ (EPPs) နှင့် EAO အဖွဲ့များနှင့် အောင်မြင်စွာညှိနှိုင်းဆောင်ရွက်နိုင်ခြင်းမရှိပေ။

“သူတို့မှာ ဗျူဟာမြောက်ပြင်ဆင်မှုဟာ ကောင်းကောင်းနဲ့သွားနိုင်မှ ၊ နောက်ပြီးတော့ သူ ညှိနှိုင်းဖို့ လိုအပ်တဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တဲ့ အစုအဖွဲ့တွေနဲ့ သူချည်းကပ်ပြီးပူးပေါင်းဆောင်ရွက်ဖို့မလုပ်ဘူး ဆိုရင်တော့ သူ့လမ်းကြောင်းနဲ့သူပဲ ၊သူ့လမ်းသူလျှောက်မယ်ဆိုပြီးတော့ ပြင်ရင်ပဲ ကျွန်တော်ထင်တယ် သူလမ်းမကောင်းလောက်ဘူးလို့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ အခုက NLD ရဲ့ပုံရိပ်ကလဲ အရမ်းကျတယ်။ အရင်ကလို လူထုတွေရဲ့ထောက်ခံမှုတော့ သူမရဘူး ဆိုတော့။” ဟု ခူးဦးရယ်က အကြံပြုထောက်ခံခဲ့ပါသည်။

ဤအကြောင်းအရာနှင့်စပ်လျဉ်းပြီး တိုင်းရင်းသားရေးရာလေ့လာသုံးသပ်သူ စိုင်းဝမ်ဆိုင်းက ပြင်ဆင်ချက်များသည် ဗဟိုမှ အာဏာကို လက်အောက်အဖွဲ့အစည်းများသို့ အနည်းဆုံးခွဲဝေပေးခြင်းဖြစ်ပေါ်စေလျှင် တိုင်းရင်းသားပဋိပက္ခများဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်သည်။ သို့သော် ဗဟိုမှအာဏာ အများဆုံးခွဲဝေမှုနှင့်အတူ တိုင်းရင်းသားပဋိပက္ခများ၊ အခြေအနေတင်းမာမှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ထိုသို့ဖြစ်ပေါ်စေရန် NLD အစိုးရအဖွဲ့သည် EPP အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်းခဲ့သည့် လက်မှတ်ရေးထိုးပြီးသော EAO အဖွဲ့များသည် ၎င်းတို့၏မျှော်လင့်ချက်များကို စစ်မှန်သောဖယ်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်ပံ့ပိုးပေးနိုင်မည့် ထိထိရောက်ရောက် ပြင်ဆင်ထားသော ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် ပုံ၍အားထားသည်ဟု ထင်ရသည်။ လက်မှတ်မရေးထိုးရသေးသော EAO အဖွဲ့များနှင့် မတူသည့်အချက်မှာ သဘောတူစာချုပ်ဖြင့် ပေါင်းဖွဲ့ထားသောစနစ်ပုံစံမျိုးပံ့ပိုးပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို အလိုရှိခြင်းဖြစ်သည်။ မည်သို့ဆိုစေကာမူ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ရလဒ်သည် ပြည်နယ်အဆင့် နိုင်ငံရေး ဆုံးဖြတ်ချက်ချမှတ်ရာတွင် လုပ်ပိုင်ခွင့်အာဏာအများဆုံးခွဲဝေပေးပြီး ပြည်ထောင်စုဗဟိုအဆင့်တွင် အာဏာလျော့နည်းပါက EAO အဖွဲ့များသည် ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံရန်အလားအလာရှိသည်။ ထို့အပြင် EAO အဖွဲ့မှ ပါဝင်ဖြေဆိုသူများ၏ ပြောဆိုချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များတွင် ဖယ်ဒရယ်မူနှင့်ဆန့်ကျင်သော သို့မဟုတ် ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်သောပုဒ်မများ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

“ဒီအခြေခံမူတချို့ဟာတွေကျတော့ ပြဌာန်းချက်ကိုပြင်ဖို့လိုတယ် ပြင်လို့ရှိရင်အခြေခံမူပြင်ပါ။ ဒီနစ်ခုက ဆက်စပ်တယ် အဓိက က အခြေခံမူကိုပြင်နိုင်လို့ရှိရင် ဒီပုဒ်မတွေက ပြင်လို့ရတယ်။” ဟု ပဒိုကွယ်ထူးဝင်းက ဖော်ပြပြောဆိုခဲ့သည်။

ဦးကျော်မင်းစံကလည်း ဤအမြင်ကိုထပ်လောင်းအတည်ပြုပြောဆိုခဲ့သည်၊ “ပုဒ်မတစ်ခုတည်းတော့ ကွက်ပြီးတော့ ပြင်လို့တော့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆက်စပ်တဲ့  ပုဒ်မတွေ ရှိတယ်။ ဆက်စပ်တဲ့ ပုဒ်မတွေကိုလည်း ပြင်ရမှာပေ့ါနော်”။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၏ရည်ရွယ်ချက်သည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတည်ထောင်ရန် နှင့် စဉ်ဆက်မပြတ်တည်တံ့သော ငြိမ်းချမ်းရေး နှင့် ပေါင်းစည်းရန်ဖြစ်သောကြောင့် နောက်ဆုံးတွင် အရပ်သားအစိုးရအဖွဲ့သာမက အခြားသောသက်ဆိုင်သူများသည်လည်း လုပ်ငန်းစဉ်တွင် ပါဝင်ရန်လိုအပ်ပါသည်၊

“ဖွဲ့စည်းပုံက နံပါတ် (၁) က လက်နက်ကိုင်ပဋိပက္ခပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေဖို့အတွက်အပြင် တိုင်းပြည်ကိုအေးအေးချမ်းချမ်း သာသာယာယာ ဝဝပြောပြောနဲ့ရှေ့ဆက်နိုင်ဖို့အတွက် ဖွဲ့စည်းပုံအလုပ်က (၂)ခုဖြစ်နေတယ်။ အဲဒီ ဖွဲ့စည်းပုံရဲ့ရည်ရွယ်ချက်ကိုမူတည်ပြီးတော့ ဘယ်ပုံနဲ့ချည်းကပ်မလဲ။ ချည်းကပ်တဲ့အခါမှာ လက်နက်ကိုင်စစ်ပွဲတွေ ပြည်တွင်းစစ်ကြီးချုပ်ငြိမ်းဖို့ဆိုရင် ပြည်တွင်းစစ်တိုက်နေတဲ့သူတွေ အကုန်လုံး ပါဝင်ဖို့လိုတယ်။ တပ်မတော် အပါအဝင်ဘဲ။ အာဏာရပါတီတစ်ခုတည်းနဲ့လည်း လုပ်လို့မရဘူး။” ဟု နော်မေဦးက ဆွေးနွေးပြောဆိုခဲ့သည်။

ဒေါက်တာခင်ဇော်ဂင်း၏ဆွေးနွေးချက်အရ အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပြည်သူများပါဝင်လာစေရန် လမ်းကြောင်းအမျိုးမျိုးဖန်တီးပေးရန် လိုအပ်ပါသည်၊ “…နိုင်ငံရေးသမားတွေ သာမကဘဲပေ့ါနော် ပညာရှင်တွေ နောက်ပြီးတော့ CSO တွေ ၊ တချို့နေရာတွေဆိုရင် ဘာသာရေးခေါင်းဆောင်တွေပါရမယ်။ အမျိုးသမီးတွေလည်း ပါရမယ်။ လူမျိုးငယ်တွေလည်းပါရမယ်။” ဦးကျော်မင်းစံ နှင့် ဒေါက်တာခင်ဇော်ဝင်းတို့၏ပြောဆိုချက်အရ မတူသည့်အချက်မှာ လက်ရှိအရပ်သားအစိုးရအဖွဲ့သည် လုပ်ပိုင်ခွင့်ရှိသောအထက်လူကြီးများနှင့် တံခါးပိတ်ဆွေးနွေးမှုများမှတစ်ဆင့် ညှိနှိုင်းဆွေးနွေးပါက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များသည် ငြိမ်းချမ်းရေးအာမခံချက်ပေးနိုင်မည်မဟုတ်ပေ။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလိုလားတောင်းတသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်

ပါဝင်ဖြေဆိုသူများအချို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် တစ်ပြိုင်နက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းကို လုပ်ဆောင်သင့်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ဥပမာအားဖြင့် ဤအချက်နှင့်စပ်လျဥ်းပြီး ဗိုလ်ချုပ်ဂွမ်မော်သည် -

"လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်လို့ပြောတဲ့အခါမှာ process တစ်ခုလုံးအပေါ်မှာသွားနေတယ်ဆိုတဲ့ အဲ့ဒီ အယူအဆပေါ်မှာပဲပြောသွားမှာပေါ့နော်။ အဲ့တော့ process တစ်ခုလုံးလို့ ပြောတဲ့အခါမှာ ၂၀၀၈ အပါအဝင် ဒီ reconciliation ၊ နိုင်ငံပြန်လည်တည်ဆောက်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး စတဲ့ ကဏ္ဍအကုန်လုံးက တပြိုင်တည်းလုပ်ဖို့လိုတယ်။ ... အခုကတော့ ဒီ process လို့တော့ပြောလာပြီ။ ဒါပေမယ့် ဒီ process မှာ အကုန်လုံးချိတ်ဆက်ပြီးလုပ်တာမျိုး မတွေ့ရသေးဘူး။ ဒါကတော့ ဒီလက်ရှိငြိမ်းချမ်းရေး process လို့ ပြောတဲ့အခါမှာ အယူအဆ တစ်ခုပေါ့နော်။"ဟု ဖော်ပြပြောဆိုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကျွမ်းကျင်ပညာရှင်ဖြစ်သူ နော်မေဦးက " အခုမြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးနဲ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံက တိုက်ရိုက်ဆက်နွယ်မှုရှိတယ်။ အဲတော့ ဖွဲ့စည်းပုံ မပြင်ဘဲနဲ့ ငြိမ်းချမ်းရေးကိုလုပ်လို့မရဘူး။ လုပ်လို့ရပေမယ့်မထွက်လာဘူးပေါ့။" ဟု သူမ၏အမြင်ကို မျှဝေဆွေးနွေးခဲ့သည်။ ၎င်းနှင့်မတူသည့်အချက်မှာ KNPP အဖွဲ့မှပါဝင်ဖြေဆိုသူတစ်ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းကို ပထမနေရာတွင် ဖြစ်ပေါ်ရန် အတွက် ငြိမ်းချမ်းရေးသဘောတူစာချုပ်မှ နိုင်ငံရေးအရဖြေရှင်းခြင်းသည် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည်ဟုယုံကြည်ကြောင်း ပြောဆိုခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်တွင်ပါဝင်ခြင်းမတိုင်မီ ပြီးပြည့်စုံသောငြိမ်းချမ်းရေးသဘောတူစာချုပ်ကို အခိုင်အမာဖွဲ့စည်းတည်ဆောက်ရမည်ဖြစ်သည်။

"ကျွန်တော် ကတော့ ပထမ peace agreement ကိုအရင်ဆုံးရယူသင့်တယ်။ peace agreement မှာပါဝင်တဲ့အကြောင်းအရာမှာ အခြေခံ ဥပဒေ ပြင်မှာလား အသစ်ရေးဆွဲမှာလား ဆိုတာ ပါဝင်မှာ အသေချာပဲ ၊ ဆိုတော့ ကျွန်တော်တို့ ကြားမှာ အခိုင်မာတစ်ခုမှမရှိသေးဘူး။ ခုနကျွန်တော်ပြောတဲ့ NCA ဆိုတာ တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး ဟာ ကုန်ကုန်ပြောရင် ဒါဟာ ceasefire agreeement ပဲဖြစ်တယ်။ အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ပဲဖြစ်တယ် peace agreement မဟုတ်သေးဘူး။" ဟု ခူးဦးရယ်က ထုတ်ဖော်ပြောဆိုခဲ့သည်။

တိုင်းရင်းသားရေးရာလေ့လာသုံးသပ်သူ စိုင်းဝမ်ဆိုင်းသည်လည်း "ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းစဉ်က နေရာတကျရှိဖို့ ဒါမှမဟုတ်ပထမဆုံးသဘောတူညီမှုပြုဖို့ အကောင်းဆုံးဘဲ။ အဲဒီသဘောတူညီမှုနဲ့အတူ အားလုံးသဘောတူညီလက်ခံပြီး စစ်မှန်တဲ့ဖယ်ဒရယ်မူ လိုလားချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲနိုင်မယ်" ဟု ပြောဆိုခဲ့သည်။ အမှန်အားဖြင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်မရှိခြင်းသည် NCA မူဘောင်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်အတွက် အလေးအနက်ထားရမည့် အကြောင်းအရာတစ်ခုဖြစ်ပါသည်။ အခြားအခက်အခဲတစ်ခုမှာ တင်းကျပ်သော အချိန်ဇယား သတ်မှတ်ချက်များကြား ဖြစ်ပေါ်နေရသော ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူညီချက်ပင်ဖြစ်သည် -

"timeline ကိုသိပ်အရှည်ကြီးထားလို့မရဘူး။ အခုကျတော့ တစ်ခြားစီသွားတဲ့အခါကျတော့ timeline က ဟိုဘက်က လဲလိုချင်တဲ့ပုံစံမျိုးနဲ့ ဆွဲနေလို့ရတာပေါ့။ ဒါတစ်ဖွဲ့ဖွဲ့က timeline ကိုဆွဲနေလို့ရတယ်" ဟု ဗိုလ်ချုပ်ဂွမ်မော်က ထုတ်ဖော်ပြောဆိုခဲ့သည်။

ထို့အပြင် နိုင်ငံရေးအရဖြေရှင်းခြင်းရရှိရန်အခက်အခဲများနှင့် စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်သည်။ ဥပမာအားဖြင့် တပ်မတော်နှင့် EAO အဖွဲ့များသည် ဖယ်ဒရယ်မူနှင့်ပတ်သက်၍အမြင်အမျိုးမျိုး ရှိပြီး၊ အဓိကအားဖြင့် 'ပြည်ထောင်စု' နှင့် 'ဖယ်ဒရယ်မူ' အသုံးအနှုန်းများနှင့်သက်ဆိုင်သည်။

"ကျွန်တော်တို့ လိုချင်တဲ့ဟာက federal ဖြစ်တယ်လို့ ပြောတာ။ ဒါကြောင့်ကျွန်တော်တို့က federal လို့ပြောတာ မြန်မာတွေကတော့ federal လို့ပြောတာကို အင်္ဂလိပ်စကားလုံးပဲ ပြည်ထောင်စု ဘာဖြစ်တယ် ညာဖြစ်တယ် ။ ပြည်ထောင်စုလို့ အဓိပ္ပါယ်ဖော်ပြန်ရင်လဲ ပြည်ထောင်တွေကိုစုတာ သူတို့အင်္ဂလိပ်လို ပြန်ရင် ကျွန်တော်တို့သုံးတဲ့ federal ဆိုတဲ့ စကားလုံးကိုမသုံးဘူး union လို့သုံးတာ ။ union ဆိုတာက ကွဲနေပြန်နေကြတဲ့ မိသားစုတွေပြန်ပြီးတော့ reunion လုပ်တာ ။ unitary ကိုလဲအခြေခံတယ်လို့ ကျွန်တော်တို့က အဲ့သလို concept ဆွဲတယ်။ သူတို့လဲ အဲ့သလိုကျင့်သုံးလာခဲ့တာပဲ union က unitary ကနေလာတယ်။ နောက်ပြီးတော့ ပြည်ထောင်စုကလဲ တစ်ပြည်ထောင်ဖြစ်တယ်ပေါ့ အဲ့တာကြောင့်မို့လို့ ကျွန်တော်တို့ကလဲ ဖယ်ဒရယ် မဖြစ်မနေသာ ကျွန်တော်တို့ သွားချင်တဲ့ဟာ ဖြစ်တယ်လို့ကျွန်တော်တို့ခံယူတယ်။ ပြောချင်တာက ဖယ်ဒရယ်လို့ကျွန်တော်တို့ပြောပြီဆိုရင် state တွေကပဲ လာပြီးစုဖွဲ့လို့ ဖယ်ဒရယ်ဆိုတာ ပေါ်လာတာ။ ဒီ concept ကို လက်ခံတယ်ဆိုရင် ကျွန်တော်တို့ state constitution ဆွဲမှရမယ်။" ဟု ခူးဦးရယ်က ရှင်းပြပြောဆိုခဲ့သည်။

EAO အဖွဲ့မှပါဝင်ဖြေဆိုသူများသည် အဓိကအားဖြင့် နိုင်ငံရေးနှင့် စီးပွားရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူအခွင့်အရေးရရှိရန် စိတ်ဝင်စားသည်၊ ထို့ကြောင့် ဖယ်ဒရယ်မူသည် ၎င်းတို့၏ အဓိက နိုင်ငံရေးရည်မှန်းချက်ဖြစ်သည်။ သို့ဖြစ်၍ လက်အောက်ခံ ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများ (sub-state constitutions)

သည် ၎င်းတို့အတွက်အလွန်အရေးပါလာသည်။ KNU အဖွဲ့မှ ပဒိုကွယ်ထူးဝင်း က -

> "ကျွန်တော်တို့နိုင်ငံ ရဲ့ ဖြစ်တည်မှုအရတော့ စုပြီးလာမယ်။ လက်တွေ့မှာတော့ ပုံစံအဲ့လိုမထွက်ဘူး။ တကယ်တမ်းဆိုရင် ဗဟိုအစိုးရ ဆိုတာ ပြည်နယ်တွေရဲ့သူ့ရဲ့ပေးအပ်တဲ့ အာဏာတွေ၊ လုပ်ပိုင်ခွင့်တွေ။ အခုက ဗဟိုကနေပြီးတော့ ပြည်မကို ထိန်းထားတဲ့အတွက် ပြည်နယ်မှသူ့ဆီကိုပြန်တောင်း နေရတဲ့ပုံစံ ဖြစ်နေတယ်။ အမှန်က ပြည်နယ်က သူ့ကို ပေးထားတဲ့အာဏာ။ အခုကတော့ ကျွန်တော်တို့ အာဏာကို ယူပြီးတော့ သူက အကုန်လုံး ကိုယ့်ကို ပြန်ပြီးတော့ ခွဲဝေမည်ဆိုတဲ့သဘော။" ဟု ၎င်း၏အမြင်ကို ထုတ်ဖော်ဆွေးနွေးခဲ့သည်။

နိုင်ငံရေးအရဖြေရှင်းခြင်းသည် အထူးသဖြင့်ပျက်စီးလွယ်သော ပဋိပက္ခဒဏ်ခံစားရသည့် နိုင်ငံများတွင်ရှိသော ဘေးဖယ် ခံထားရသည့် ပြည်နယ်ခွဲများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ပတ်သက်၍ တိုးတက်ကောင်းမွန်စေသောကြောင့်၊ နိုင်ငံရေးအရဖြေရှင်းခြင်းမှ အကျိုးရလဒ်အဖြစ် လက်အောက်ခံပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ထွက်ပေါ်လာနိုင်သည်။ ထို့ကြောင့် လက်အောက်ခံ ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာမူဘောင်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတွက် လက်အောက်ခံပြည်နယ်များ၏ တောင်းဆိုချက်များကို ကိုင်တွယ်ဖြေရှင်းရန် အဓိကလိုအပ်ပါသည်။ လက်အောက်ခံ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးအရ 'ခွဲမထွက်ရေး' သည် တပ်မတော်အတွက် အလေးအနက်ထားသည့်အကြောင်းအရာတစ်ခုဖြစ်ပါသည်။ သို့သော် EAO အဖွဲ့များအနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရန် ပိုမိုအလေးထားရန်လိုလားသည်။ ထိုကဲ့သို့အမြင်ကွဲပြားမှုများသည် လက်အောက်ခံပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခက်အခဲများဖြစ်ပေါ်စေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များ၏ရလဒ်များသည် အသုံးချရန်ခက်ခဲသော်လည်း လက်အောက်ခံပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်းကဏ္ဍအတွက် နေရာလုံလောက်စွာပေးနိုင်ပါကအကြမ်းဖက် ပဋိပက္ခများကို စီမံခန့်ခွဲနိုင်ပြီး ကာကွယ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အခြေအနေ၌ အမှန်တကယ်ပြန်လည်သင့်မြတ်ရေး ရရှိရန် နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရန် အခြားသော နည်းလမ်းမှမဟုတ်ဘဲ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းစဉ်မှတစ်ဆင့် နိုင်ငံရေးအရဖြေရှင်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမရေးဆွဲခင် ကနဦးလုပ်ဆောင်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးသည် ပဋိပက္ခပြီးနောင်းပိုင်း အသွင်ကူးပြောင်းရေးကာလတွင် အဓိကအခြေခံလိုအပ်သော နည်းလမ်းများဖြစ်သောကြောင့် နိုင်ငံရေးအရဖြေရှင်းခြင်းနှင့်အပြိုင် ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို အရင်ဆုံးထုတ်ပြန်ရန်လိုအပ်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သော EAO အဖွဲ့များသည် ငြိမ်းချမ်းရေး သဘောတူညီစာချုပ်များနှင့်အတူ အတည်ဖြစ်သောဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပေါ်စေနိုင်သော အကူးအပြောင်းနိုင်ငံရေး အစီအမံများ (ငြိမ်းချမ်းရေးသဘောတူညီစာချုပ် သို့မဟုတ် သီးခြားရပ်တည်စာချုပ်စာတမ်း) ကို လိုလားခြင်းဖြစ်သည်။ UPC ဖွဲ့စည်းတည်ထောင်ခြင်းသည် ဤကွာဟမှုကိုဖြည့်ဆည်းရန်ရည်ရွယ်ခဲ့ခြင်းဖြစ်သော်လည်း UPC မှ ရလဒ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများကို ဝမ်းနည်းဖွယ်ရာ ပံ့ပိုးပေးနိုင်ခြင်း မရှိခဲ့ပေ။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ NLD အစိုးရအဖွဲ့၊ တပ်မတော်နှင့် EAO အဖွဲ့များ အတွက် အလေးအနက်ထားရမည့်အခက်အခဲမှာ အဖွဲ့တစ်ဖွဲ့ချင်းစီ၏ အယူအဆအပေါ် အခြေတည်သော သဘောထားအမြင် ကွာဟချက်ဖြစ်ပါသည်၊ ဥပမာအားဖြင့် 'ပြည်ထောင်စု' နှင့် 'ဖယ်ဒရယ်မူ' နှင့်သက်ဆိုင်သော အသုံးအနှုန်းများဖြစ်ပါသည်။

# သုံးသပ်ချက်များနှင့် အကြံပြုထောက်ခံချက်များ

ယခုသုတေသနပြုလုပ်ရခြင်းရည်ရွယ်ချက်သည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ပဋိပက္ခဖြေရှင်းနည်းတစ်ခုအဖြစ် အသုံးပြုနိုင်မည့်နည်းလမ်းကို လေ့လာဆန်းစစ်ရန်ဖြစ်ပါသည်။ ထို့အပြင် လက်ရှိလေ့လာမှု၏ ရည်ရွယ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရာတွင် အထောက်အကူ ဖြစ်စေရန်ရည်ရွယ်၍ ဘုံအလေးထားစဉ်းစားရမည့်အကြောင်း အရာများ နှင့် စိန်ခေါ်ချက်အခက်အခဲများကို ပိုင်းခြားသိရှိနိုင်ရန် ဖြစ်ပါသည်။ လေ့လာဆန်းစစ်ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များအပေါ် EAO အဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် များအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်သော အဓိက ဦးဆောင်သူများ၏ အမြင်နှင့်အသုံးချပုံများ၊ နှင့် မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရန် အတွက် ၎င်းတို့ချမှတ်လိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို ချင့်ချိန်သုံးသပ်ရန်ဖြစ်ပါသည်။ တွေ့ရှိချက်များအရ EAO အဖွဲ့များ (NCA လက်မှတ်ရေးထိုးပြီးနှင့် လက်မှတ်မရေးထိုး ထားသော) မှ သက်ဆိုင်သူအသီးသီး နှင့် အရပ်ဘက်အဖွဲ့အစည်း များသည် တူညီသောယူဆချက်အမြင်ရှိသည်၊ အတိအကျ ပြောရသော် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖယ်ဒရယ်မူနှင့် ဒီမိုကရေစီအတွက် ပြည့်စုံစွာပံ့ပိုးပေးနိုင်ခြင်းမရှိသည့်အကြောင်း ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသား အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် နှင့် ဖယ်ဒရယ်အခြေခံ သဘောတရားများမပါရှိခြင်းကြောင့် EAO အဖွဲ့များက ၎င်းကို လက်မခံပေ။ ထို့အပြင် ဤလေ့လာမှုတွင်ပါဝင်ဖြေဆိုသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင်အားလုံးပါဝင်ရန် လိုအပ်ချက်ကို ဖော်ပြပြောဆိုခဲ့သည်။ သုတေသီများ၏တွေ့ရှိချက် အရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ငြိမ်းချမ်းရေး နှင့် နိုင်ငံတော်တည်ထောင်ရေးကို ပံ့ပိုးပေးနိုင်ခြင်းမရှိသည့်အပြင် ဤလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာ များနှင့် ခိုင်မာစွာဆက်စပ်လျက်ရှိသည်ဟု ယုံကြည်ပါသည်။

ယခုတွေ့ရှိချက်များအရ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်လုပ်ငန်းစဉ်သည် EAO အဖွဲ့များကလိုလားသော လမ်းကြောင်း မဟုတ်ကြောင်း အတည်ပြုနိုင်သော်လည်း ပြင်ဆင်ရေးလုပ်ငန်းစဉ်တွင် EPP နှင့် EAO အဖွဲ့များကဲ့သို့သော နိုင်ငံရေးအဖွဲ့များ၏ သဘောထားအမြင်များ ပါဝင်လျှင် ဤဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်ချက်မှ ထွက်ပေါ်လာသော ရလဒ် များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင် မည်ဟု ၎င်းတို့ကသဘောတူညီပြောဆိုခဲ့ပါသည်။ ဤနေရာတွင် 'ဖယ်ဒရယ်အခြေခံသဘောတရားများ' နှင့်သက်ဆိုင်သော အယူအဆများကို အကောင်အထည်ဖော်ခြင်းအကြောင်း ဆွေးနွေးရန် အမှန်တကယ်ပင်အဓိကလိုအပ်ပါသည်။ အားလုံးခြုံ ကြည့်သော် ထိုရလဒ်များသည် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် စပ်လျဉ်း၍ လက်ရှိ NLD အစိုးရအဖွဲ့အနေဖြင့် မည်မျှပြတ်သား ထင်ရှားစွာ စွန့်စားလုပ်ဆောင်ရန်ပြင်ဆင်ထားသည့်အပေါ် မူတည်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် လက်ရှိလုပ်ဆောင်လျက် ရှိသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းလုပ်ငန်းစဉ်၏ သက်ရောက်မှုကို တိုင်းတာအကြံပြုနိုင်သည်။ ဆိုလိုရင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်သည် အာဏာခွဲဝေမှု အနည်းဆုံးသာပေးအပ်နိုင်လျှင် လူမျိုးစုပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေမည်ဖြစ်သည်။ အခြားတစ်ဘက်တွင်လည်း ၎င်းသည် ပြည်နယ်အဆင့်တွင် နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်ရာတွင် လုပ်ပိုင် ခွင့်အာဏာပြည့်ဝစွာပေးအပ်ခြင်းနှင့်အတူအာဏာခွဲဝေမှုအများဆုံး ပေးပြီး ဗဟိုအဆင့်တွင် အာဏာအနည်းဆုံးဖြစ်ပါက လူမျိုးစု ပဋိပက္ခများလျော့ပါးသွားနိုင်မည်ဖြစ်သည်။

အားလုံးခြုံငုံသုံးသပ်သော် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်တွင် အကောင်အထည်ဖော်လုပ်ဆောင်ရန် အရေးကြီးလိုအပ်သည့် အပြောင်းအလဲများမှာ -

၁။ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ထိရောက်စွာ၊ နက်နက်နဲနဲ ဆွေးနွေးဖြေရှင်းသင့်သည်။ အထူးသဖြင့် လက်ရှိအစိုးရအဖွဲ့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှတစ်ဆင့် ညှိနှိုင်းဆွေးနွေးသည့်လုပ်ငန်း စဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့်သက်ဆိုင်သော အကြောင်းအရာများကို အခိုင်အမာ ပြတ်သားစွာ ပြောဆိုသင့် ပါသည်။ အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံရေးအကျိုးအမြတ်တစ်ခုအတွက်သာ မဟုတ်ဘဲ အားလုံးပါဝင်သောငြိမ်းချမ်းရေးတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ဖြေရှင်းသင့်ပါသည်။

၂။ ပဋိပက္ခဖြစ်ပွားနေသည့်အဖွဲ့များကြားတွင် နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် ငြိမ်းချမ်းရေးသဘောတူညီစာချုပ်နှင့် အတူ နိုင်ငံရေးအရဖြေရှင်းမှုရရှိရန်လိုအပ်ပါသည်။

၃။ အစိုးရအဖွဲ့အနေဖြင့် အမျိုးသားဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း နှင့် လက်အောက်ခံပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင်လည်း တိုင်းရင်းသား နိုင်ငံရေးပါတီအဖွဲ့များကို ထိရောက်စွာပါဝင်လုပ်ပိုင်ခွင့် အာဏာခွဲဝေပေးခြင်းဖြင့် ဖယ်ဒရယ်အခြေခံမူများကို ထောက်ခံကာ လက်အောက်ခံပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေများအခန်းကဏ္ဍကို ပိုမိုကောင်းမွန်လာစေရန် မြှင့်တင်ပေးသင့်သည်။ EAO အဖွဲ့များ ပါဝင်နိုင်ရန် သင့်တော်သောမူဝါဒလမ်းစဉ်တစ်ရပ်ရှိပါက အဖွဲ့အသီးသီးကို ကိုယ်စားပြုပြီး အာဏာခွဲဝေခြင်းကိုကျင့်သုံးခြင်းအားဖြင့် ၎င်းသည် ငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်းစဉ်ကို အမှန်တကယ်ထောက်ခံအားပေးနိုင်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လုံလောက်စွာမပါဝင်သေးသောကြောင့် ဤလေ့လာမှုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဖြေရှင်းရန်လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များအပေါ် ထင်မြင်ချက်များနှင့် ပတ်သက်ပြီး နားလည်သိမြင်နိုင်ရန် အထောက်အကူပြုပါသည်။ ထို့အပြင် ဤအစီရင်ခံစာတွင် တင်ပြထားသည့် တွေ့ရှိချက်များ အရ EAO အဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကိစ္စရပ် နှင့်ပတ်သက်၍ အလေးအနက်ထားကြောင်း ထင်ရှားပေါ်လွင်နေသည်။ သို့သော်လည်း ဤလေ့လာမှု၏အားနည်းချက်တစ်ခုမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကဦးဆောင်သည့် အဖွဲ့များထဲမှတစ်ဖွဲ့ဖြစ်သည့် တပ်မတော်၏သဘောထား ခံယူချက်များကို ထည့်သွင်းပါဝင်နိုင်မှုမရှိခြင်းဖြစ်သည်။ ထို့ကြောင့် နောက်ထပ်ပြုလုပ်မည့်သုတေသနများတွင် တပ်မတော်ကိုယ်စားလှယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သော သဘောထားအမြင်များကို လေ့လာဖော်ထုတ်သင့်ပါသည်။ ထို့အပြင် နောက်ထပ်ပြုလုပ်မည့် သုတေသနများတွင် နိုင်ငံရေးအရဖြေရှင်းရာတွင် အတားအဆီး ဖြစ်နေသောအချက်များကို ကျော်လွှားနိုင်မည့်နည်းလမ်းများကို စိစစ်သိရှိနိုင်ရန် ဦးတည်ဆောင်ရွက်သင့်ပါသည်။

# ကျမ်းကိုးစာရင်း


Bulmer, E. (2017). *What is a constitution? Principles and concepts.* Retrieved from https://www.idea.int/

Fleiner, T. (2002). Recent developments of Swiss federalism. *The Global Review of Federalism, 32, 97-123.*

Hart, V. (2001). Constitution-making and the transformation of conflict. *Peace & Change, 26, 153-176.*

Hartery, J. (2019, April 4). The NLD cannot circumvent the military's veto over constitutional amendments. *Tea Circle Oxford.* Retrieved from www.teacircleoxford.com

Hedling, N. (2017, April). *The fundamentals of a constitution.* Retrieved from https://www.idea.int/

Karen Information Center News. (2019, January 27). ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် KNU ဒုက္ကဋ္ဌဟောင်းပဒိုနော်စီဖိုးရာစိန်နှင့် မေးမြန်းခြင်း *(Interview with former vice chairman of KNU: Naw Si Phoe Yar Sein's perspectives on the peace process).* Retrieved from www.kicnews.org

Lijphart, A. (2004). Constitutional design for divided societies. *Journal of Democracy, 15, 96-109.*

Samuels, K. (2006). Post-conflict peace-building and constitution-making. *Chicago Journal of International Law, 6, 663-682.*

# စာရေးသူများအကြောင်း

**နှင်းအေးလှိုင်** သည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့မှဖြစ်ပါသည်။ သူမသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာအထူးပြုဖြင့် ဒီပလိုမာတန်းတက်ရောက်ခဲ့ပါသည်။ နှင်းအေးလှိုင်သည် မြန်မာနိုင်ငံဓမ္မတက္ကသိုလ်တွင် လူထုဖွံ့ဖြိုးရေးပညာ မဟာဘွဲ့တန်းတွင်လည်း တက်ရောက်သင်ယူလေ့လာခဲ့ပါသည်။ သူမ၏ရည်မှန်းချက်ပန်းတိုင်မှာ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ဆက်လက် လေ့လာသင်ယူရန်ဖြစ်ပြီး နိုင်ငံရေးလေ့လာဆန်းစစ်သူတစ်ဦးဖြစ်လာရန်ဖြစ်သည်။ လက်ရှိအချိန်တွင် သူမသည် ရပ်ရွာလူထုဖွံ့ဖြိုးရေး နယ်ပယ်တွင် လုပ်ကိုင်လျက်ရှိပါသည်။

**လဂျီဇော်လောန်** သည် ကချင်ပြည်နယ်မှဖြစ်ပါသည်။ သူသည် ၂၀၁၇ခုနှစ်တွင် မြစ်ကြီးနားတက္ကသိုလ်မှ ဥပဒေပညာအထူးပြုဖြင့် ဘွဲ့ရရှိခဲ့ပါသည်။ ဥပဒေပညာရပ်သင်ယူလေ့လာနေသည့်အချိန်အတွင်း လဂျီဇော်လောန်သည် ဥပဒေပညာကို မြစ်ကြီးနားမြို့ရှိ တရားဥပဒေစိုးမိုးရေးစင်တာတွင် အလုပ်သင်ဝန်ထမ်းအဖြစ် တရားရေးရာကျွမ်းကျင်မှုများကို လက်တွေ့သင်ယူလေ့လာခဲ့ပါသည်။ ထို့အပြင် သူ၏ဆယ်ကျော်သက်အရွယ်တွင် သူသည် လူငယ်အဖွဲ့အစည်းဖြစ်သည့် Good Friend မှတစ်ဆင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများအတွက် လုပ်အားပေးအလုပ်များတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခဲ့ပါသည်။ လက်ရှိတွင် သူသည် ရန်ကုန်တက္ကသိုလ်၌ နိုင်ငံတကာဥပဒေပညာအထူးပြု၍ မဟာဘွဲ့တန်းတွင်သင်ယူဆည်းပူးလျက်ရှိပါသည်။

ဤစာတမ်းတွင်ပါရှိသော အတွေးအမြင်များသည် FES ၊ PLRI နှင့်တကွ ယင်းတို့၏ အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အတွေးအမြင်များမဟုတ်ပါ။

FES မှထုတ်ဝေထားသော စာအုပ်များကို FES ၏ စာဖြင့်ရေးသား ထားသော သဘောတူညီချက်မပါပဲ အမြတ်အစွန်းအတွက်စီးပွားဖြစ်ထုတ်ဝေခွင့်မပြုပါ။

**ပုံနှိပ်**

©၂၀၁၉ ခုနှစ် ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း (FES) မြန်မာရုံး
အမှတ် (၇၃၉)၊ စံပါယ်ရုံလမ်းသွယ် (၁)၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

**တာဝန်ရှိပုဂ္ဂိုလ်**

အလက်ခ်စ်စ်ဆေး ယူစုပေ့ါဗ် - ဌာနေကိုယ်စားလှယ်
ရုံးဖုန်း ၀၉ ၉၇၂ ၇၇၉ ၇၆၇
https://www.fes-myanmar.org
Friedrich-Ebert-Stiftung Myanmar Office

စာအုပ်မှာယူရန်
info-myanmar@fes.asia

**Izumi Idoia Zubia** – Cover illustrations
**Myriam Rueda** – Layout Design
**နော်ဝေနင်းကျော်** - ဘာသာပြန်ဆိုသူ
**နော်စာဘလု** - စာအထားအသိုဖတ်ရှုစစ်ဆေးသူ

## ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့ အကြောင်း

ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့သည် သပြေပညာရေးဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ဖွဲ့စည်းထားသော အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်ပါသည်။ သင်တန်းကျောင်းကို ၂၀၁၈ခုနှစ်တွင်စတင်ထူထောင်ခဲ့ပြီး တစ်နှစ်တာအချိန်ကြာမြင့်သော ငြိမ်းချမ်းရေးခေါင်းဆောင်မှု ဘွဲ့လွန်ဒီပလိုမာပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကိုဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့်တာဝန်ခံမှုကိုရှိသော ခေါင်းဆောင်မှုဆိုင်ရာနှင့် သက်သေအထောက်အထား (သို့) အချက်အလက်အခြေပြုသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်အောင် ပြုစုပျိုးထောင်ပေးနေသော နေရာတစ်ခုလည်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန် သင်တန်းကျောင်းသည် လူမှုရေးသိပ္ပံနှင့် ပတ်သက်ဆက်နွယ်သော သုတေသနပြုလုပ်ခြင်းဆိုင်ရာ အရည် အသွေးမြင့်သင်တန်းကို မြန်မာနိုင်ငံတဝှမ်းလုံးရှိ တက်ကြွပြီး အရည်အချင်းပြည့်ဝသောလူငယ်များကို လေ့ကျင့်သင်ကြားပေးပြီ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များမျှော်မှန်းသော ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်လာနိုင်ရန်ဖြစ်သည်။ ဤစာစောင်သည် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း တက်ရောက်ခဲ့သည့် ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့ပြီး ပညာရေးဆိုင်ရာဆောင်းပါးအဖြစ် ရွေးချယ်ခြင်းခံထားရသည့် အစီရင်ခံစာ ၆ ခုအနက်မှ တစ်ခုဖြစ်သည်။

### ၂၀၁၈ -၂၀၁၉ PLRI ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့သော အခြားစာတမ်းများ -

- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တစ်ဆို့စေသည့်အကြောင်းရင်းများ
- ငြိမ်းချမ်းရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၏အားသာချက် - မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းမှ တစ်ဆင့် လူငယ်များ၏ပါဝင်မှုကို မြှင့်တင်ခြင်း
- ဖယ်ကျဉ်ခံထားရာမှအလယ်ဗဟိုဆီသို့ - ကရင်နီပြည်နယ်အတွင်းနေထိုင်သော တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခံထားရသည့်အတွေ့အကြုံများ
- ဖုံးကွယ်ခံအမှန်တရားများ - ရခိုင်ပြည်နယ်မြောက်ပိုင်းမှလူနည်းစုအတွင်းရှိ လူနည်းစုများ၏ အကြမ်းဖက်အရေးအခင်းအတွင်း အတွေ့အကြုံများ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ်ပြည်သူလူထု၏ယုံကြည်အားကိုးမှု - သက်ရောက်လွှမ်းမိုးမှုရှိနေသည့် အကြောင်းရင်းများကို လေ့လာဖော်ထုတ်ခြင်း

- သုတေသနအစီရင်ခံစာ ၆ စောင်အား ပေါင်းစုထားသည့် "မြန်မာ့ငြိမ်းချမ်းရေးကို ရှာဖွေခြင်း - ထိပ်ဆုံးအလွှာမှသည် အောက်ခြေ မြေပြင်အဆင့်၏ အတွေးအမြင်များကို ဆန်းစစ်လေ့လာခြင်း" ဟူသောစာစောင်ကိုလည်း ရယူဖတ်ရှုနိုင်ပါသည်။

Friedrich-Ebert-Stiftung (FES) (ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း) သည် ဂျာမနီနိုင်ငံတွင် သက်တမ်း အကြာရှည်ဆုံး နိုင်ငံရေး ဖောင်ဒေးရှင်းဖြစ်ပြီး၁၉၂၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဂျာမနီ၏ပထမဦးဆုံး ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏အမည်ကို အစွဲပြု၍အမည်ပေးထားခြင်း ဖြစ်သည်။

FES မြန်မာရုံးကို ၂၀၁၄ခုနှစ်တွင် တရားဝင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ သို့သော် FES လုပ်ငန်းများမှာမူ ၂၀၀၅ခုနှစ်ကပင် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ FES ၏ပြဋ္ဌါန်းလုပ်ဆောင်မှုနှင့်အညီ ဆိုရှယ်ဒီမိုကရေစီတန်ဖိုးများနှင့် အယူအဆများကို ဖော်ဆောင်ရန် FES မြန်မာရုံးသည် အများပါဝင်ဆောင်ရွက်နိုင်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်စေးရေးလုပ်ငန်း၊ လူမှုတရားမျှတမှု ပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်းဖြစ်စေရေး အထောက်အကူပြုသောလုပ်ငန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒ အခြေခံမှုများဖြစ်သော ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ပေးသော လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပါသည်။

www.fes-asia.org